### အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုအရေးယူ ဆောင်ရွက်နိုင်မှုအခြေအနေ

| စဉ် | ရာထူးအဆင့် | လူဦးရေ |
|---|---|---|
| ၁ | နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ | ၆၂ |
| ၂ | အဆင့်မြင့်အရာရှိ | ၈ |
| ၃ | အရာထမ်း | ၇ |
| ၄ | အခြားပုဂ္ဂိုလ် | ၆ |
| | စုစုပေါင်း | ၈၃ |

### အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၀ (ခ)အရ အရေးယူ ဆောင်ရွက်ရန် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများသို့လွှဲပြောင်းပေးပို့မှု

| စဉ် | ရာထူးအဆင့်အလိုက် လွှဲပြောင်းပေးမှု အခြေအနေ | လူဦးရေ |
|---|---|---|
| ၁ | အဆင့်မြင့်အရာရှိ | ၅ |
| ၂ | အရာထမ်း | ၆၂ |
| ၃ | အမှုထမ်း | ၁ |
| | စုစုပေါင်း | ၆၈ |

### အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ၊ ၁၆(၃)အရ လွှဲပြောင်း ပေးပို့သည့် တိုင်ကြားစာများ အပေါ် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းစည်းကမ်းအရ အရေးယူ ဆောင်ရွက်မှု အခြေအနေ

| စဉ် | ပြစ်ဒဏ် | လူဦးရေ |
|---|---|---|
| ၁ | စာဖြင့်သတိပေးခြင်း | ၂၃၉ |
| ၂ | နှစ်တိုးလစာရပ်ဆိုင်းခြင်း | ၁၂ |
| ၃ | ရာထူးတိုးမြှင့်ခြင်းကိုရပ်ဆိုင်းခြင်း | ၁၀ |
| ၄ | လစာနှုန်းအတွင်း လစာလျှော့ချခြင်း | ၃ |
| ၅ | ရာထူးအဆင့်လျှော့ချခြင်း | ၂၆ |
| ၆ | ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်း | ၁၇ |
| ၇ | တာဝန်မှ ရပ်ဆိုင်းခြင်း | ၅၀ |
| ၈ | ရာထူးမှထုတ်ပယ်ခြင်း | ၁ |
| ၉ | ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း | ၇ |
| ၁၀ | ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရအရေးယူခြင်း | ၆၇ |
| ၁၁ | စစ်စည်းကမ်းထိန်းသိမ်းရေးဥပဒေအရအရေးယူခြင်း | ၂ |
| | စုစုပေါင်း | ၄၃၄ |



### တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

- ➢ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံမိတ္တူပေးပို့ခြင်း မပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်၊
- ➢ တိုင်ကြားသူ၏အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်း နံပါတ် ပါဝင်ရမည်၊
- ➢ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင် သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်၊
- ➢ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေ ပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်းသတိပြုရန်၊

### လိပ်မူတိုင်ကြားရမည့်လိပ်စာ


အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နေပြည်တော်

- ရုံးအမှတ်(၅၆) ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်အမှတ် (၁၄၄)၊
  ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
  Email Address – accm@accm.gov.mm ၊
  Website Address – http://www.accm.gov.mm

ကော်မရှင်ရုံးခွဲ(ရန်ကုန်)

- အမှတ် (၆၂-က)
  ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
  ၀၁-၅၃၂၆၀၇

ကော်မရှင်ရုံးခွဲ(မန္တလေး)

- အမှတ် (၄၀၇) မြို့ဟောင်းဈေးတောင်ဘက်၊ ၈၂ လမ်း
  တမွဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့
  ၀၂-၄၀၆၀၇၉

ကော်မရှင်ရုံးခွဲ(တောင်ကြီး)

- အကွက်မှတ် (၅၈)
  သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။
  ၀၈၁-၂၁၃၂၂၇၅၊ ၀၈၁-၂၁၃၂၂၇၆

ကော်မရှင်ရုံးခွဲ(မော်လမြိုင်)

- ဈေးကြိုရပ်ကွက်၊ ပြည်နယ်စာရင်းစစ်ချုပ်ရုံးအနီး၊
  မော်လမြိုင်မြို့။
  ၀၅၇-၂၀၂၇၈၆၉၊ ၀၅၇-၂၀၂၇၆၀၉၊ ၀၅၇-၂၀၂၇၆၄၀




# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## စုံစမ်းစစ်ဆေးအရေးယူခြင်းကဏ္ဍ

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ကောက်နုတ်ချက်များ

### အဂတိလိုက်စားမှုဆိုသည်မှာ-

**ပုဒ်မ၃(က)(၁)။** မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစား ပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ တစ်စုံတစ်ရာကို ပြုလုပ်ရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်အား ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို ပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့် အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီရထိုက်သော အခွင့်အရေးကို မမှန်မကန် ပိတ်ပင်ရန်အတွက် တံစိုး လက်ဆောင်ကို တစ်ဦးတစ်ယောက်အား ပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက် ထံမှ လက်ခံခြင်း၊ ရယူခြင်းနှင့် ရယူရန် အားထုတ် ခြင်း တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်း၊

**ပုဒ်မ ၃(က)(၂)။** မည်သူမဆို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့် လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ ရှင်းလင်းဖျက်သိမ်းခြင်း ပြုရာတွင်ဖြစ်စေ၊ ယင်းတို့နှင့် သက်ဆိုင်မှုရှိသော သဘောတူစာချုပ် တစ်ခုတွင်ပါဝင်ခြင်း၊ စီမံဆောင်ရွက်ခြင်းပြုရာတွင် ဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော် ၏ ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ပျက်စီးဆုံးရှုံးစေခြင်း။

**ပုဒ်မ ၃(ခ)။ တံစိုးလက်ဆောင်** ဆိုရာတွင် အဂတိလိုက်စားမှုအလို့ငှာ အဖိုးစားနား သို့မဟုတ် ထိုက်သင့်သည့်တန်ဖိုးမပေးဘဲ လက်ခံခြင်း သို့မဟုတ် ပေးခြင်းပြုသောငွေကြေး၊ ပစ္စည်း၊ လက်ဆောင်၊ ဝန်ဆောင်ခ၊ ဧည့်ခံပြုစုခြင်းနှင့် တရားမဝင်သော အခြားအကျိုးခံစားခွင့်များလည်း ပါဝင်သည်။

**ပုဒ်မ ၃(ဂ)။ ကျော်စောသတင်း** ဆိုသည်မှာ အများပြည်သူအတွင်း ပျံ့နှံ့နေသောသတင်းတစ်ရပ်ရပ်တွင် သူတစ်ဦးဦးသည် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ဤဥပဒေအရ ပြစ်မှုကျူးလွန်မှုရှိကြောင်း သင်္ကာမကင်းဖွယ်ရာ ဖြစ်ခြင်းအတွက် ခိုင်လုံသည့် အထောက်အထား ရှိနိုင်သည်ဟု ကော်မရှင်ကယုံကြည်ရန်အကြောင်း ပေါ်ပေါက်သော သတင်းကိုဆိုသည်။

**ပုဒ်မ ၃(ဃ)။ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း** ဆိုသည်မှာ ရာထူးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့်တာဝန်များ ကျင့်သုံးဆောင်ရွက်ရာမှ အဂတိလိုက်စားမှုဖြင့် ငွေကြေးနှင့်ပစ္စည်းများ တိုးပွားရရှိလာခြင်းကြောင့် သော်လည်းကောင်း၊ ပေးရန်တာဝန်များ လျော့ချခြင်းကြောင့်သော်လည်းကောင်း၊ငွေကြေးနှင့်ပစ္စည်းများကို မတရားရယူခြင်းကြောင့် သော်လည်းကောင်း ကြွယ်ဝချမ်းသာလာခြင်းကိုဆိုသည်။

**ပုဒ်မ ၃(ည)။ လုပ်ပိုင်ခွင့်အာဏာရှိသူ** ဆိုသည်မှာ ရာထူးတာဝန်အရဖြစ်စေ၊ စီရင်ပိုင်ခွင့် သို့မဟုတ် စီမံခန့်ခွဲပိုင်ခွင့်အရဖြစ်စေ လုပ်ပိုင်ခွင့်အာဏာရှိသော ပြည်သူ့ဝန်ထမ်း၊ ပြည်ပပြည်သူ့ဝန်ထမ်း၊ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ၊ အဆင့်မြင့်အရာရှိ သို့မဟုတ် အများပြည်သူဆိုင်ရာအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ သို့မဟုတ် ကိုယ်စားလှယ်ကိုဆိုသည်။

**ပုဒ်မ၁၆(ဍ)။** တိုင်ကြားစာများကို စိစစ်၍ လက်ခံခြင်း၊ စုံစမ်းစစ်ဆေး အရေးယူခြင်း၊ မမှန်မကန် တိုင်ကြားကြောင်း စိစစ်တွေ့ရှိသည့် တိုင်ကြားစာများကိုပယ်ခြင်း၊ မမှန်မကန် တိုင်ကြားသူကို ဥပဒေအရအရေးယူခြင်းနှင့် တိုင်ကြားခံရသူအပေါ် တိုင်ကြားချက်သည် နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့ အရေးယူစေခြင်း၊

**ပုဒ်မ၁၆(တ)။** တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် နိုင်ငံတော်၏ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေမှုများအားလိုအပ်ပါကစစ်ဆေးခြင်း၊

**ပုဒ်မ ၁၇(ဈ)။** အဂတိလိုက်စားမှုရှိကြောင်း ကျော်စောသတင်း တစ်ရပ်ရပ်ကို ကော်မရှင်သည် သတင်းပေးပို့ချက်အဖြစ် သတ်မှတ်နိုင်သည်။

## စုံစမ်းစစ်ဆေးခြင်းကဏ္ဍ

### တိုင်ကြားစာလက်ခံရရှိမှုအခြေအနေ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ ရောက်ရှိလာသည့် တိုင်ကြားစာ ၂၃၅၃ စောင်၏ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လက်ခံရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | | |
|---|---|---|
| (က) | နေပြည်တော် | ၁၄၈ |
| ( ခ ) | ကချင်ပြည်နယ် | ၃၃ |
| ( ဂ ) | ကယားပြည်နယ် | ၃ |
| (ဃ) | ကရင်ပြည်နယ် | ၅၂ |
| ( င ) | ချင်းပြည်နယ် | - |
| ( စ ) | စစ်ကိုင်းတိုင်းဒေသကြီး | ၆၂ |
| (ဆ) | တနင်္သာရီတိုင်းဒေသကြီး | ၂၈ |
| ( ဇ ) | ပဲခူးတိုင်းဒေသကြီး | ၁၄၃ |
| ( ဈ ) | မကွေးတိုင်းဒေသကြီး | ၂၃၉ |
| (ည) | မန္တလေးတိုင်းဒေသကြီး | ၄၅၉ |
| ( ဋ ) | မွန်ပြည်နယ် | ၉၅ |
| ( ဌ ) | ရန်ကုန်တိုင်းဒေသကြီး | ၆၅၂ |
| ( ဍ ) | ရခိုင်ပြည်နယ် | ၅၅ |
| ( ဎ ) | ရှမ်းပြည်နယ် | ၂၁၉ |
| (ဏ) | ဧရာဝတီတိုင်းဒေသကြီး | ၁၆၅ |
| | စုစုပေါင်း | ၂၃၅၃ |





### တိုင်ကြားစာများ၏ အခြေအနေ

| စဉ် | တိုင်ကြားစာလက်ခံရရှိမှု | စောင်ရေ |
|---|---|---|
| (က) | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တို့က လွှဲပြောင်းပေးပို့ခြင်း | ၃၇ |
| ( ခ ) | ကော်မရှင်ထံလိပ်မူ၍ တိုင်ကြားခြင်း | ၁၈၇၁ |
| ( ဂ ) | တိုင်ကြားစာမိတ္တူပေးပို့ခြင်း | ၃၉၃ |
| (ဃ) | ပစ်စာ | ၅၂ |
| | စုစုပေါင်း | ၂၃၅၃ |

### တိုင်ကြားစာများအပေါ် စီမံဆောင်ရွက်မှု

| စဉ် | အကြောင်းအရာ | | အရေးအတွက် | |
|---|---|---|---|---|
| | | | စောင်ရေ | ရာခိုင်နှုန်း |
| ၁။ | စိစစ်ပြီးစီးမှု | | ၂၂၆၈ | ၉၆.၃၉% |
| | - စုံစမ်းစစ်ဆေးသည့် တိုင်ကြားစာ | ၄၁ | | |
| | - ဝန်ကြီးဌာနနှင့်တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးပို့သည့် တိုင်ကြားစာ | ၄၇၆ | | |
| | - ပြည်သူများထံ အကြံပြုချက်ဖြင့် အသိပေးပြန်ကြားသည့် တိုင်ကြားစာ | ၈၀၃ | | |
| | - အရေးယူဆောင်ရွက်နိုင်ခြင်း မရှိသော တိုင်ကြားစာ (ဥပဒေနှင့်အကျုံးမဝင်စာ၊ မိတ္တူပေးစာ၊အထောက်အထား မဲ့ပစ်စာ၊ ရုပ်သိမ်းစာ) | ၉၄၈ | | |
| ၂။ | စိစစ်ဆောင်ရွက်ဆဲ | | ၈၅ | ၃.၆၁% |
| လက်ခံရရှိသည့် တိုင်ကြားစာပေါင်း | | | ၂၃၅၃ | |